ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ = ပဋိပဒါ + ဉာဏ + ဒဿန + ဝိသုဒ္ဓိ

ပဋိပဒါ = မဂ်ဖိုလ်ရောက်ကြောင်း အကျင့်

ဉာဏ = ရုပ်နာမ်တရားတို့ကို အနိစ္စ ဒုက္ခ အနတ္တ ဟု သိမြင်တတ်သောဉာဏ်

ဒဿန = သာမန်အသိမျိုး မဟုတ်ဘဲ ပကတိမျက်စိဖြင့်မြင်ရသကဲ့သို့
သိမြင်သောအသိ

ဝိသုဒ္ဓိ = ကိလေသာတို့မှ ဝေးသည်ထက် ဝေးကွာသဖြင့် လွန်စွာစင်ကြယ်ခြင်း၊
သင်္ခါရုပေက္ခာဉာဏ်

ဒွိကောဋိက = အစွန်း နှစ်ဘက်ကင်းအောင် ရှုခြင်း

(၁) သုညမိဒံ အတ္တေနဝါ = ငါကောင် အဖြစ်မှ ကင်းဆိတ်ခြင်း၊
(၂) အတ္တနိယေနဝါ = ငါ၏ဥစ္စာ (ငါပိုင်) အဖြစ်မှ ကင်းဆိတ်ခြင်း၊
(အာနေဉ္ဇသပ္ပါယသုတ်၊ မ၊ ၃၊ ၄၈)

စတုက္ကောဋိက ရှုခြင်း (အာနေဉ္ဇသပ္ပါယသုတ်)

(၁) ငါကောင်လည်းမရှိ (၂) သူကောင်လည်းမရှိ
(၃) ငါနှင့်ဆိုင်သော သူတပါးလည်းမရှိ (၄) သူတပါးနှင့်ဆိုင်သော ငါလည်းမရှိ

ဆအာကာရ = အခြင်းအရာ (၆) မျိုးဖြင့် ရှုခြင်း

(၁) စက္ခု သုညံ အတ္တေနဝါ = မျက်စိသည် ငါအဖြစ်မှ ကင်းဆိတ်ခြင်း၊
(၂) အတ္တနိယေနဝါ = ငါ၏ဥစ္စာ (ငါပိုင်) မှ ကင်းဆိတ်ခြင်း၊
(၃) နိစ္စေနဝါ = မြဲခြင်းမှ ကင်းဆိတ်ခြင်း၊
(၄) ဓုဝေနဝါ = ခိုင်ခံ့မှုမှ ကင်းဆိတ်ခြင်း၊
(၅) သဿတေနဝါ = ထာဝရတည်နေခြင်းမှ ကင်းဆိတ်ခြင်း၊
(၆) အဝိပရိဏာမ ဓမ္မေနဝါ = ပင်ကိုယ်အတိုင်းမှလည်း ကင်းဆိတ်ခြင်း။
ဒွါရ (၆) ပါး၊ အာရုံ (၆) ပါး စသည် နည်းတူ။
([illegible]၊ ၁၇၃)

## သဒ္ဒါရုပဒေသနာ ဉာဏ်

### အဋ္ဌ အာကာရ = အခြင်းအရာ (၈) မျိုးဖြင့် ရှုခြင်း

(၁) ရုပ်တရားသည် မြဲတဲ့အနှစ်ဟူသော အနှစ်အားဖြင့် အနှစ်မဟုတ်၊ အနှစ်မရှိ၊ အနှစ်မှကင်း၏။

(၂) ,, ခိုင်မာတဲ့ ,, ,,

(၃) ,, ချမ်းသာတဲ့ ,, ,,

(၄) ,, ငါကောင် ,, ,,

(၅) ,, မြဲခြင်း အနှစ်အားဖြင့် အနှစ်မဟုတ်၊ အနှစ်မရှိ၊ အနှစ်မှကင်း၏၊

(၆) ,, ခိုင်မာခြင်း ,, ,,

(၇) ,, ထာဝရဖြစ်ခြင်း ,, ,,

(၈) ,, ပင်ကိုယ်အတိုင်း တည်တံ့ခြင်း အနှစ်အားဖြင့် ,,

(ဝိသုဒ္ဓိမဂ်၊ ၂၊ ၂၉၂)

### ဒသ အာကာရ ရှုခြင်း (ဝိသုဒ္ဓိမဂ်၊ ၂၊ ၂၉၃)

(၁) ရူပံ ရိတ္တတော ပဿတိ = ရုပ်သည် မြဲခြင်း ကောင်းသားခြင်းတို့မှ ကင်းဆိတ်၏ဟု မြင်ခြင်း၊

(၂) တုစ္ဆတော = အချည်းအနှီး အသုံးမကျ-ဟု မြင်ခြင်း

(၃) သုညတော = ငါကောင်အနှစ်မှ ဆိတ်သုဉ်း၏ဟု မြင်ခြင်း

(၄) အနတ္တတော = ငါကောင် မဟုတ် ဟု မြင်ခြင်း၊

(၅) အနိဿရိယတော = အစိုးမရ ဟု မြင်ခြင်း

(၆) အကာမကာရိယတော = အလိုအတိုင်း မပြီးစေ-ဟု မြင်ခြင်း

(၇) အလဗ္ဘနီယတော = တောင့်တတိုင်း မရနိုင်-ဟု မြင်ခြင်း

(၈) အဝသဝတ္တကတော = အလိုအတိုင်း မဖြစ်စေနိုင်-ဟု မြင်ခြင်း

(၉) ပရတော = သူစိမ်း ပြင်ပ တရား-ဟု မြင်ခြင်း၊

(၁၀) ဝိဝိတ္တတော = အကြောင်းနှင့် အကျိုး ကချင်းချင်းမှ ကင်းဆိတ်နေ၏-ဟု မြင်ခြင်း

ဗုဒ္ဓနိဒ္ဒေသ (၁၈၄) ၌လည်း ဟောထားရာ အစ (၄) မျိုးသာ ဝိသုဒ္ဓိမဂ် ဖော်ပြခြင်းနှင့် ကွဲ၏၊ နောက် (၆) မျိုးသည် လုံးဝ ကွဲပြားနေ၏။

## ဗုဒ္ဓဿ အာကာရ ရှုမြင်ခြင်း (စူဠနိဒ္ဒေသ၊ ၁၀၄)

(၁) ရူပံ န သတ္တော = ရုပ်သည် သတ္တဝါဟု ထင်မြင်စွဲလမ်းအပ်သော သတ္တဝါ မဟုတ်၊

(၂) န ဇီဝေါ = အသက်ကောင် မဟုတ်

(၃) န နရော = လူ မဟုတ်

(၄) န မာဏဝေါ = လုလင် မဟုတ်

(၅) န ဣတ္ထီ = မိန်းမ မဟုတ်

(၆) န ပုရိသော = ယောကျ်ား မဟုတ်

(၇) န အတ္တာ = ငါကောင် မဟုတ်

(၈) န အတ္တနိယံ = ငါ၏ဥစ္စာ မဟုတ်၊ ငါပိုင် မဟုတ်

(၉) နာဟံ = ငါ မဟုတ်

(၁၀) န မမ = ငါ၏ အစိတ်အပိုင်း မဟုတ်

(၁၁) န ကောစိ = တစ်စုံတစ်ယောက်မျှ မဟုတ်

(၁၂) န ကဿစိ = တစ်စုံတစ်ယောက်၏ အစိတ်အပိုင်း မဟုတ်

## သင်္ခါရုပေက္ခာ ဂုဏ် (၆) ပါး

(၁) ကြောက် နှစ်သက်ခြင်း ကင်းရှင်းပေသည်၊

(၂) ချမ်းသာဆင်းရဲ ရှုမြဲကျည့်၊

(၃) ကောင်းကြမဖြေ ရှုမှတ်လွယ်သည်၊

သင်္ခါရ ညီမျှ ဂုဏ်သုံးမည်။

(၄) ကြာရှည်ခွာလေ တည်မြဲဘူတည်၊

(၅) ကြာလေသာ၍ သိမ်မွေ့လေသည်၊

(၆) အာရုံ ကခြား ပြန့်ပွား ကင်းသည်၊

သင်္ခါရ ထူးမျှ ဂုဏ်သုံးမည်။ (ဝိသုဒ္ဓိမဂ်၊ ၂၉၄-၅-၃၀၅)